www.burmeseclassic.com



စိတ်ဆိုတဲ့ စိတ်ဟာ တခုတည်းသောအကြောင်းကိုပဲ အာရုံကပ်ထားလို့ မရတတ်ဘူး။ သည်အကြောင်းတွေးရာက ဟိုအကြောင်းရောက်၊ ဟို အကြောင်း တွေး ရာ က သည့်ပြင်အကြောင်းရောက်၊ သည့်ပြင်အကြောင်းတွေးရာက အခြားအကြောင်းကို ကူးသွားပြန်ရော။ ဒါ့ကြောင့် လူ့စိတ်ကို မျောက်စိတ်နဲ့ နှိုင်းပေတာပေါ့၊ ဘုရားရှိခိုးတပုဒ်ဆုံးသွားအောင်တောင် တခုတည်းသော အာရုံမှာ ထားလို့ မရချင်ဘူး။

စိတ်ဆိုတဲ့စိတ်ဟာ အဲသည်လို သွားချင်ရာ‌ သွားနေတာကို လိုက်နေရင်တော့ မီးဒိုးမဆုံး မိုးမဆုံးဖြစ်မှာပဲ။

စိတ်ဆိုတဲ့ စိတ်ဟာ မတည့်တာမှ စားချင်တဲ့ လူမမာရဲ့ စိတ်လို မသင့်တော်မှုန်းသိလျက်နှင့်လဲ ကြံစည်နေတတ်တယ်။ မသင့်တော်မှုန်းမသိဘဲနဲ့လဲကြံစည်နေတတ်တယ်။ တားလို့မရဘူး။ ယောကျ်ားတို့၏ဝိသဘာဂဟာ မိန်းမပေါ့။ မိန်းမတို့ရဲ့ ဝိသဘာဂဟာ ယောကျ်ားပေါ့။ အဲဒီလို ကောက်ကျစ်ကွေးလိမ်နေတဲ့စိတ်ကို ပညာရှိ သူတော်ကောင်းများဟာ လေးသမားက မြားကို တည့်မတ်ဖြောင့်စင်းအောင် မရမနေ လုပ်ယူသလို လုပ်ယူကြတယ်တဲ့။ လုပ်လဲ လုပ်နိုင်ကြတယ်တဲ့။

ကမ္မဋ္ဌာန်းထိုင်ဖူးသော ဦးမင်္ဂလာသည် ဘုရားဟောတော်မူသော စိတ်၏ဖောက်ပြန်တတ်ပုံတို့ကို ကိုယ်တွေ့ဖြစ်၍ နားလည် သဘောပေါက်ရပါသည်။ ကမ္မဋ္ဌာန်းထိုင်ဖူးသူများ မဟုတ်လျှင် (ဝါ)စိတ်ကိုစောင့်၍ ကြည့်ဖူးသူများ မဟုတ်လျှင်တော့ နားမလည်နိုင်ကြပါ။ ထိုသို့ သိရှိနားလည်သည့် တိုင်အောင် လူတိုင်းသည် စိတ်ကို ကွပ်ကဲ စောင့်ထိန်းဖြောင့်တန်းအောင် မလုပ်နိုင်ကြ။ မေဓာဝီဟူသော ပညာရှိ သူတော်ကောင်းများသာ စိတ်ကို နိုင်နင်း စေစားနိုင်ကြလိမ့်မည်။ ပုထုဇဉ်တို့ကတော့ အမှတ်တမဲ့နေ၊ အမှတ်တမဲ့စား၊ အမှတ်တမဲ့သွားလို့ အမှတ်တမဲ့ သေကြတာပဲ။

ဘာဖြစ်လို့ မလုပ်နိုင်ကြသလဲဆိုတာ နောက်ဂါထာမှာ ဆက်ပြထားတယ်လေ။ ငါးဆိုတာ ရေထဲမှာပဲ ပျော်တာပေါ့။ စိတ်ဆိုတာလဲကာမဂုဏ် အာရုံထဲမှာပဲ ပျော်ချင်တာပေါ့၊ (ပါပသွိံ ရမတီမနော)လေ....။ ရေထဲမှာနေတတ်တဲ့ ငါးကို ကုန်းပေါ်တင်လိုက်လျှင် အသက်ရှူကျပ်ပြီး တ ဆတ် ဆတ် လွန့်လူးနေတာပေါ့။ စိတ်ဆိုတာလဲ သူနေချင်တဲ့ ကာမဂုဏ်အာရုံတွေထဲက ထုတ်ပြီး ကမ္မဋ္ဌာန်းဘာဝနာအလုပ်မှာ တင်လိုက်လျှင် နေသားထိုင်သား မကျသလို မခံမရပ်နိုင်ဘဲ တဆတ်ဆတ်ခုန်၊ တလွန့်လွန့်လူး နောက်ဆုံးတော့ ကုန်းပေါ်မှာ ငါးသေသွားသလို စိတ်ကလဲ ကမ္မဋ္ဌာန်း ဘာဝနာကို အရှုံးပေးလိုက်တတ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကို အံ့သြကြရတယ်။ ခေါင်းဆောင် ခေါင်းရွက်လုပ်ပြီး အစီအမံကောင်း ကိုလဲ ချီးမွမ်းရတယ်။

မာတိက မာတာက ဆွမ်းဝတ်ကို ကိုယ်တိုင်ချက်ပြုတ်ပြီး လှူဒါန်း တယ်၊ သရဏဂုံသီလတို့ကိုလဲ နေစဉ်ဆောက်တည်နေတယ်။ ရဟန်းတို့က မာတိက မာတာရဲ့ စေတနာသဒ္ဓာတရားတို့ကို လေးစားလာကြတယ်။

ကျောင်းဒါယကာ၊ ဒါယိကာမများက လေးလေးနက်နက် လိုက် လိုက်လှဲလှဲ သဒ္ဓာတရားကလဲ ရှိမယ်၊ 'စာရိတ္တ ဝါရိတ္တ'နဲ့ ပြည့်စုံမယ်၊ ဉာဏ်ပညာကလဲ နက်နက်ရှိုင်းရှိုင်း ရှိမယ်ဆိုရင် ကျောင်းထိုင်ရဟန်း နှင့်တကွ ကျောင်းနေရဟန်းများကပါ ဒါယကာ၊ ဒါယိကာမ များကို လေးစား ခန့်သားလာရတယ်။ ဒါယကာ၊ ဒါယိကာမများရဲ့ သဒ္ဓာတရား ကို ချီးမြှောက်တဲ့အနေနဲ့ ဂန္ထဓုရ၊ ဝိပဿနာဓုရ၊ ၎ငှနှစ်ပါးကိုအားသစ် ကျင့်ဆောင်တော်မူကြပါတယ်။သူ့အကျိုးကိုယ့်အကျိုး တိုးပွားအောင် ဆန္ဒပြုတော်မူကြပါတယ်။ ဒါဟာ တယောက်ကျေးဇူး တဦးမေတ္တာဆိုတဲ့ သဘာဝတရားပါပဲ။

သည်တော့ တနေ့မှာ ခေါင်းဆောင်ရဟန်းတော်က ရဟန်းများကို သို့ကလို ပြောတယ်။

"ငါ့ရှင်တို့၊မာတိကမာတာ ဒါယိကာမကြီးဟာပေါ့ပေါ့တန်တန် မဟုတ်ဘူး၊ အတွေးအခေါ် အကြားအမြင်နှင့်တကွ ရတနာသုံးပါးကို အလွန်ကိုင်းရှိုင်းတဲ့ ဒါယိကာမကြီး ဖြစ်တယ်။ သဒ္ဓာတရားဘက်ကလဲ ဘာမှ လိုလေသေး မရှိရဘူး။ ဒါ့ကြောင့် တပည့်တော်တို့က ဒါယိကာမ ကြီးရဲ့ သဒ္ဓာတရားကို စောင့်ရှောက်ကြရလိမ့်မယ်။ ဒီနေ့က စပြီးတော့ ဒီကျောင်းကြီးပေါ်မှာ တရုန်းရုန်းနဲ့ စုစုဝေးဝေးနေကြမယ့်အစား အိပ် ချိန်မှလွဲလို့ 'နေ့အခါမှာ နေ့သန့်ရာ'၊ 'ညအခါမှာ ညသန့်ရာ'တပါးချင်း ကာယာနုပဿနာ ပွားများပြီး နေကြဖို့ ရဲ့၊ တဦးတယောက်မှာ မကျန်း မမာဖြစ်လျှင်တော့ တုံးခေါက် အသံပြုကြတာပေါ့"လို့ နှိုးဆော်တယ်။

ရဟန်းများကလဲ နာယကရဟန်းရဲ့ ဩဝါဒကို ခံယူပြီးတော့ ကျောင်းအနီးအပါးက တောထဲဝင်ပြီး သစ်တပင်ရင်း ဝါးတပင်အောက် မှာ အသီးသီး ဘာဝနာစီးဖြန်းနေကြတယ်။ (အဲဒီအကြောင်းကို ဓမ္မပဒ ထဲမှာ ဖတ်ရတော့ ကမ္မဋ္ဌာန်းရိယ ဆရာတော်ကြီးတပါးက အမိန့်ရှိပုံကို သတိရလိုက်မိပါတယ်။ကမ္မဋ္ဌာန်းထိုင်တယ်ဆိုတာ တယောက်တည်းဆိုလျှင် 'တရား'တဲ့၊နှစ်ယောက်တွဲမိလျှင်'စကား'တဲ့'တဲ့၊သုံးယောက်တွဲမိလျှင်တော့ 'အလကား'တဲ့။)



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးဆော်မှုသော မြတ်စွာဘုရား၊ တပည့်တော်သည် ထိုမာတိကရွာသို့သွား၍ တရားကျင့်ပါရစေ ဘုရား" လို့ ခွင့်ပန်တယ်။

မြတ်စွာဘုရားက ခွင့်ပြုလိုက်တာနဲ့ ကြွရီးထွက်ခဲ့တယ်။ မာတိကရွာ ရောက်တော့ ကျောင်းကို မဝင်ခင်မှာပဲ ဒီလို အောက်မေ့လိုက်တယ်။

"ဒီခရီးကိုလာရတာ ပင်ပန်းလွန်းလို့ ဒီကျောင်းကြီးကို လှည်း ကျင်းသုတ်သင်ဖို့ဖြင့် ငါမတတ်နိုင်ပါဘူး၊ သူတပါးရဲ့စိတ်အကြံကိုသိတယ် ဆိုတဲ့ အနာဂါမ် ဒါယိကာမကြီးကအမှုလုပ်သူတယောက် လွှတ်လိုက်ရင် ကောင်းမှာပဲလို့" တမ်းတလိုက်မိတယ်။

မကြာပါဘူး၊ ယောကျ်ားသုံးလေးယောက် တံမြက်စည်းတို့၊ရေပုံး တို့၊ ဖုန်သုတ်ဖို့ အဝတ်တို့နဲ့ ရောက်လာကြပြီး တကျောင်းလုံးကိုသန့်ပြန့် သွားအောင် သန့်ရှင်းရေးလုပ်ကြတော့တာပါပဲ။ အညတရ ရဟန်းမှာ အံ့ဩသွားရပြီလေ။

အဲသည့်နောက် တလမ်းလုံး ရေငတ်လာလို့အရသာရှိတဲ့ အဖျော် ရည်လေးများ သောက်ရရင် ဘယ်လောက် ကောင်းလိုက်လေမလဲလို့ တောင့်တလိုက်မိပြန်တယ်။

အဲဒါလဲ မကြာပါဘူး၊ရွာထဲကဒါယကာတယောက်ခပ်သွက်သွက် ကျောင်းဆီကို လျှောက်လာတယ်။ အနားရောက်လို့ ကြည့်လိုက်တော့ သန့်ပြန့်သော ခွက်ကြီးတလုံးနဲ့ သကာအဖျော်အပြည့်။

"မာတိက မာတာ ဒါယိကာမကြီးက ကပ်လိုက်ပါတယ်" လို့ လျှောက်ပြီး တန်းကပ်လိုက်ပါလေရော။

ရဟန်းမှာ အံ့အားသင့်သွားရပြန်ပြီလေ။

သည်လိုနှင့် နောက်တနေ့ နံနက်စောစောကြီးမှာ ရဟန်းက....

'ငါ့ကို ပျော့ပျောင်းနူးညံ့တဲ့ ယာဂုနဲ့ လက်သုပ်ဟင်းလျာတို့ပို့ စေသတည်း' လို့ ဆန္ဒပြုလိုက်တယ်။ ဒါလဲ မကြာပါဘူး၊ ဆွမ်းစားချိန် ရောက်တော့ ဒေါင်းလန်း၊ လင်ဗန်းတို့တွင် ရဟန်းတော်အာသာရှိသမျှ ယာဂုဆွမ်းဟင်းလျာ၊ လက်သုပ်တို့ဘည့်ပြီးတော့ အပို့အကပ်ရောက်လာ ပြန်ပါလေရော။

(အံ့ဩကုန်နိုင်ဖွယ်လေတည့်မှ)ဖြစ်နေတဲ့ ရဟန်းဟာ သူစိတ်ကြံ တိုင်းသိနေတဲ့ မာတိက မာတာဆိုတဲ့ ဒါယိကာမကြီးကို လူကိုယ် တိုင် တွေ့ချင်လာတော့တယ်။ဘယ်လိုရုပ်ရည်အနေအထားနဲ့ဘယ်အသက် အရွယ်လောက်များရှိမလဲပေါ့။ သည်'ဒါယိကာမကြီး ကျောင်းကိုလာပါ စေ'လို့ ဆန္ဒပြုလိုက်ပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင် သံဃရက္ခိတ၊ ငါ့မှာ သက်န်းပြည့်စုံပါတယ်၊ ငါ့ရှင်သာ သုံးဆောင်ပါ"လို့ ပြောတယ်။ အဲဒီလိုပြောတာကို လူကြီးပီပီ လူငယ်ကို ငဲ့ညှာလို့ ပြောလိုက်တာဟု မထေရ်ငယ်က ထင်တယ်။ ဒါကြောင့်....

"အရှင်ဘုရား၊ ဒီသင်္ကန်းလျာကို ရကတည်းက အရှင်ဘုရားကို လှူမယ်လို့ တပည့်တော်စိတ်ကပြဋ္ဌာန်းထားပြီးသားပါဘုရား၊အလှူခံတော်မူပါ"လို့ ဒုတိယမ္ပိ လျှောက်ထားကပ်လှူပြန်တယ်။

"ငါ့ရှင့် သံဃရက္ခိတ၊ ငါ့မှာ သင်္ကန်းပြည့်စုံပါတယ်၊ ငါ့ရှင်သာ သုံးဆောင်ပါ"လို့ မထေရ်ကြီးကလဲ ရှေးစကားအတိုင်း ဒုတိယမ္ပိ ပြန်၍ မိန့်တော်မူတယ်။ ဘာဂိနေယျ ရဟန်းပျိုမှာ မိမိက အမြတ်တနိုးလှူတာကို လက်မခံတဲ့အခါ စိတ်အားငယ်ပြီး ကသိကအောက်ဖြစ်မိတယ်။

"အရှင်ဘုရား ဤသို့မပြုပါနှင့် (ဒီလိုမလုပ်ပါနဲ့၊) အရှင်ဘုရား၊ သုံးဆောင်လျှင် တပည့်တော်မှာ အကျိုးရှိပါလိမ့်မယ်၊အလှူခံတော်မူပါ" လို့ တတိယမ္ပိ လျှောက်ပြန်တယ်။

သံဃရက္ခိတ မထေရ်ကြီးကလဲ ရှေးနည်းအတိုင်း တတိယမ္ပိ ပယ်တော်မူပြန်တယ်။ သည်နေရာမှာ အရိယာကြီးများ၏ သန္တာန်၌ သလ္လေခတရားကို သတိထားကြရမှာဖြစ်တယ်။ မိမိမှာ ပြည့်စုံပြီးရင် အပိုအလျှံကို လက်ခံတော်မမူတတ်ကြဘူး။ မိမိနှင့် အထိုက်အလျောက်က ပိုပြီး ကောင်းမွန်နေရင်လဲ လက်မခံတတ်ကြဘူး။

အဲဒါကို ဘာဂိနေယျရဟန်းပျိုက သတိထားလိုက်မိဟန် မတူပါဘူး။ ဆရာတပည့်ဆိုတဲ့အနေက တူအရီးဆိုတဲ့အဖြစ်ကို တွေးမိပြီး နွဲ့ဆိုးဆိုးချင်လာတယ်။

"ငါက ရှိသေမြတ်နိုးလွန်းလို့ ကုသိုလ်အကျိုးငှာ လှူပါတယ်။ ငါ့ဦးရီးက ငါ့အကျိုးကို မလိုလားလို့ အလှူမခံဘူး။ ငါကဖြင့် သင်္ကန်းလျာကို ရကတည်းက အကြိမ်ကြိမ်အခါခါ ပွတ်သပ်ဆုပ်နယ်ကြည့်ပြီး အတွေ့အထိ ကောင်းလွန်းလို့ ငါတောင် မဝတ်ရက်ဘူး။ ဒါလောက် ကောင်းတာကို သူရရင် နှစ်သက်မှာပဲ၊ ဝမ်းသာမှာပဲလို့ ထင်ခဲ့တယ်။ အခု သူက အလှူမခံဘူးတဲ့၊ အလှူမခံလဲ နေပေါ့။ 'ငါသုံးချင်သုံး မသုံးချင် ရောင်းစား' ပိုက်ဆံများများတောင် ရဦးမယ်၊

"ပိုက်ဆံများများရရင် ဘာလုပ်မလဲ၊

"လူထွက်ပြီး မိန်းမယူမှာပေါ့၊

"ဟုတ်တယ်လေ၊ သာသနာ့ဘောင်မှာ သူ့ကို အားကိုးပြီး သဒ္ဓိဝိဟာရိက အတူတူနေကြတာ သူကမှ ငါ့ကို တွယ်တာတဲ့စိတ်မရှိဘဲ၊ သူနဲ့ နေလဲ အလကားပေါ့၊ လူထွက်တာပဲ အေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



"အမေကလဲ ပူတတ်ရန်ကော အမေ့ သမက်က နှစ်ရက် သုံးရက်တခါ ရဟန်း လုပ်လိုက်၊ အိမ်ပြန်လိုက်နဲ့ အပျော်တမ်း ရဟန်း ဝတ်နေတာပါ၊ သန်ဘက် ဖိန်းနွဲ့ကျရင် ကတုံးလေးပွတ်ပြီး ပြန်လာမှာပါ အမေရဲ့"ဟု အိပ်ချင်မူးတူးနှင့် ပြန်ပြောလေသည်။

စိတ္တဟတ္ထအမျိုးသားသည် ကျောင်းသို့ သွားရာ လမ်းခရီးမှာပင် 'အနိစ္စ၊ဒုက္ခ'ကို ဆင်ခြင်၍ သောတာပန် ဖြစ်သွားလေသည်။ ကျောင်း ရောက်၍ ရဟန်းများကို ရဟန်းပြုပေးပါရန် တောင်းပန်သည့်အခါ "တန်ပါတော့ အမောင် စိတ္တဟတ္ထရယ်၊ အသင် ရဟန်းဝတ်တာက ရှို့ချည် နှပ်ချည်၊ ဝင်လိုက်ထွက်လိုက်နဲ့၊ ဆံချပေးရတာ အကြိမ်အခါ များလွန်းတော့ သင့်ဦးခေါင်းဟာ သင်ခုန်းဓားသွေးတဲ့ ဓားသွေး ကျောက်နဲ့တောင် တူနေပါပြီ၊ ငါတို့ကို အမှုမရှာချင်ပါနဲ့တော့"ဟု ငြင်းဆန်ကြလေသည်။

စိတ္တဟတ္ထက "တပည့်တော်အား သနားသဖြင့် ဤတခါသာ ရဟန်းပြုပေးတော် မူကြပါကုန်၊ သက်ဦးဝတ်ဖြင့် အရိုးထုပ်ပါတော့ မည်ဘုရား"ဟု အခိုင်အမာ လျှောက်ထားလေသည်။

ရဟန်းများက'သူလျှောက်တင်သည့်အတိုင်း မြဲလဲမြဲရော့၊ မမြဲလို့ လူထွက်ပြန်လဲ ရဟန်းဖြစ်နဲ့ နေတုန်း ကာလလေးမှာ သံဃာ့ ဝေယျာဝစ္စ၊ ကျောင်းပရိပုဏ် ဝေယျာဝစ္စတို့ကို စေ့ငအောင် လုပ်ပေ သွားပဲ'ဟု ရဟန်းပြုပေးကြပေသည်။

စိတ္တဟတ္ထမထေရ်သည် သောတာပန်အခြေခံ မဂ်သို့ ဆိုက်ပြီးခဲ့သည် ဖြစ်ခြင်းကြောင့် ရဟန်းပြု၍ နှစ်ရက် သုံးရက်မျှ အကြာတွင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအစစ် ဖြစ်သွားလေ၏။

ဤတခါကား....လက်ဖဝါးလို မှောက်ချည် လှန်ချည် ဖောက်ပြန် တတ်သည့်စိတ်ကို ပြတ်ပြတ်သားသား အနိုင်ယူသုံးကြခြင်း ဖြစ်ပေ သတည်း။ဥပဇ္ဈာယ်ဆရာမှစ၍သီတင်းသုံးဖော် ရဟန်းများသည် ဤတခါ တွင်ကား သာသနာ၌အနေကြာသော စိတ္တဟတ္ထမထေရ်အား အံ့သြနေကြ သည်။ အထူးအဆန်း ဖြစ်နေကြသည်။

"ဘယ့်နှယ်လဲ ငါ့ရှင်၊ သည်တခါတော့ ခပ်ကြာကြာလေး နေ သွားပဲ၊ ဘယ်တော့ လောက်များ မိန်းမထံ ပြန်သွားဦးမှာလဲ"ဟု ကျီစယ်ကြသည်။ အာသဝေါ ကင်းကွာနေသော ရဟန်းဖြစ်ကြောင်း မရိပ်မိကြ၍ဖြစ်သည်။

"အရှင်ဘုရားတို့၊ ယခင့်ယခင်က ပေါင်းသင်း ဆက်ဆံလိုသော စိတ်ရှိသည်ဖြစ်၍ ပြန်သွားခဲ့ရခြင်း ဖြစ်ပါသည်၊ ယခု အခါမှာတော့



www.burmeseclassic.com

www.burmeseclassic.com



တခါမှားလို့ကော သတိရှေသူလေး "မရတတ်ပါဘူး။ ဆားငန်ရေ သောက်သလို ရေငတ်လို့သောက်၊ သောက်လို့ ရေငတ်နေကြရတယ်။

တဏှာလမ်းသွား၊ ခရီးမှားလျှင်၊ ရိယှာပန်းပင်၊ ကန္တာ
ပြင်ဝယ်၊ မမြင်ရှေ့နောက်၊ အာခေါင်ခြောက်၍၊ သောက်လေ
သောက်လေ၊ ငတ်မပြေသည်၊ ကာမေငါးတန်၊ ဆားရေငန်သို့။
အဲသလို စပ်ဆိုပြသွားတော်မူပါသေးတယ်။

ပစ္စေကဗုဒ္ဓာ ရဟန္တာနှင့် ဘုရားမြတ်စွာတို့ကို ကြည်ညိုကော်ရော် ပူဇော်လှူဒါန်းခြင်းကြောင့် ဗိဒ္ဓမ္မ ဝေဒနီယကံအကျိုး ချက်ချင်းတခဏ ရနိုင်တဲ့နည်းတူ၊ ဝန်လေးသော အကုသိုလ်အမှုနဲ့ ထိပါးပြစ်မှားလျှင်လဲ မကောင်းကျိုးများ ဒီဘဝမှာပဲ ချက်ချင်းခံစားရတတ်ပါတယ်။

သောရေယျ လုလင်ဟာ ရဟန္တာ အရှင်မြတ်ကို ကာမေသုမိစ္ဆာ အကုသိုလ်ကံစေတနာကြောင့် တကိုယ်လုံး ဖျိုးဖျိုးဖျဉ်းဖျဉ်း စိုးစိုးစစ်စစ်နဲ့ ယောက်ျားသဏ္ဍာန်မှ မိန်းမသဏ္ဍာန်သို့ တဖြည်းဖြည်း ကူးပြောင်းသွားတော့တယ်။

ဒီအချိန်မှာ သောရေယျ သူဌေးသားဟာ ထိပ်ကို မြွေပေါက်ခံရသလိုဖြစ်ပြီး သူ့သူငယ်ချင်းက ရိပ်မိမှာစိုးတဲ့ အတွက် တောအုပ်ထဲ ဝင်ပြေးရတယ်။ ရဟန္တာအရှင်မြတ်ကတော့ မြို့တွင်းကို ဆွမ်းခံဝင်ကြွသွားတော်မူပြီလေ။

သောရေယျ၏ အပေါင်းအသင်းများနှင့် သူငယ်ချင်းက ပြန်ကြဖို့ အချိန်တန်လို့ သောရေယျ လုလင်ကို လိုက်ရှာကြတယ်။ သူကပုန်းနေရတယ်။ အော်ဟစ် ခေါ်ဝေါ်ကြဘယ်၊ သူက အသံမပေးဝံ့ဘူး။ နောက်ဆုံးတော့ အားလုံးက လက်လျှော့ပြီးပြန်သွားကြတယ်။ တချို့ကလည်း ရေကန်ထဲမှာ ရေနစ်ပြီး သေကျန်ခဲ့တယ်လို့ ထင်ကြတယ်။ သောရေယျဟာ ပုန်းလျှိုးနေတဲ့အချိန်အတွင်းမှာပဲ ပီပီပြင်ပြင် 'မိန်းမရုပ် မိန်းမစိတ်' ပေါက်လာဘော့တယ်။ သူ့အဖြစ်သူ ယူကျုံးမရ ရှိလှလို့ အားရပါးရ ငိုမိတယ်။

ဦးမင်္ဂလာက ဦးဖိုးစိန်ကြီး၏ ငိုချင်းတပုဒ်ကို ပေါက်ပေါက်ရှာရှာ သတိရ၍ ပြုံးလိုက်မိပါသည်။ သူ့ငိုချင်း၏ အဆုံးသတ်က "အမယ်မင်းဒုံးကညာတစ်ပါးမှာ၊ လုံးကရာကပြား" ဟူ၍ ဖြစ်သည်။ ဤငိုခြင်းကို ဦးဖိုးစိန်က ကန်ထဲမှာ ငိုလိုက်ခြင်းဖြစ်သည်။

မောင်မစ္စကသည် ရဟန္တာကို ပြစ်မှားသောစိတ်ကြောင့် တကိုယ်လုံး ပူလောင်လာရာ ကန်တွင်းသို့ဆင်း၍ ရေစိမ်ရသည်။ ထိုကဲ့သို့ ရေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆွမ်းလုပ် ကျွေးပြီးသည့်နောက် သူငယ်ချင်းကုန်သည်က "အရှ
မြတ်ဘုရား ဤမိန်းမသည် ယခင်အခါကသောရေယျမြို့၌ တပည့်တော်န
အရင်းနှီးဆုံးသူငယ်ချင်း သူဌေးသား ယောကျ်ားစစ်စစ် ဖြစ်ခဲ့ပါသည်
ရေကန်သို့ မြုးထူ ပျော်ပ းရန် လာကြစဉ် အရှင်ဘုရားအား တွေ့မြင
သည့်အခိုက် မိုက်မှားဝန်လေးသော ကိလေသာစိတ်ဖြင့် ပြစ်မှားမိ
သည်။ ထို အကုသိုလ်စိတ်ကြောင့် တခဏအတွင်း ယောကျ်ားစင်စစ်
မိန်းမအဖြစ်သို့ ကူးပြောင်းပြီးကာ ဤမြို့သို့ ထွက်ပြေးလာခဲ့ရပါသည်

"အရှင်ဘုရားသည် ဤအပြစ်မှ သနားသည်းခံသော ကရုဏာ
တော်ဖြင့် ခွင့်လွှတ်ကယ်မတော်မူပါရန် လျှောက်ထားပါသည် ဘုရား
ဟု သောရေယျကိုယ်စား လျှောက်ထားတောင်းပန်လိုက်တယ်။

မိမိမှာ အပြစ်တစုံတရာရှိလို့ ရတနာသုံးပါးနှင့် မိဘ ဆရာသမာ
များကို ဝန်ချတောင်းပန် ကန်တော့သည့်အခါမှာ ကမ္မပထ ပြစ်မှာ
ကျူးလွန်မိသူ ကာယကံရှင်ကိုယ်တိုင်က ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြ
ဝန်ချတောင်းပန် ရှိခိုးမှ ယထာဘူတကျပါတယ်။ တစုံတယောက်သေ
သူက မိမိကိုယ်စား ဝန်ချတောင်းပန်ပေးလို့ ထိုထိုအပြစ်များမှ ပပျောက
ကင်းစင်သွားသည်လို့ မဆိုနိုင်ပါဘူး၊ ဒါကြောင့် ကျွန်ုပ်တို့တခဲတွင
ဘုရားရှိခိုးသည့်အခါတိုင်းမှာ....

"ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနေ
ကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့မှ ကင်းလွတ်ပျောက
စေခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ၊ တကြိမ် နှစ်ကြိ
သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာ
ရတနာ၊ ရတနာမြတ်သုံးပါးတို့အား အရိုအသေ အရှိုလေးအမြ
လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်ခါန်လျှောကန်တော့ပါ၏ အရှ
ဘုရား"

လို့ ကံသုံးပါးစလုံးနှင့် မာန်ကိုလျှော့၍ ရှိခိုးကန်တော့ရခြင်းဖြစ်ပါတယ

ဒါကြောင့် သောရေယျအမျိုးသမီးက "တပည့်တော်အား ဝ
လေးလှသော ဤအပြစ်မှ ခွင့်လွှတ်တော်မူပါ" လို့ ရှိက်ကြီးတငင်ငို
ဦးချ ကိုယ်တိုင်ကိုယ်ကျ ရှိခိုးတောင်းပန်လိုက်ရတယ်။

နောင်တတရားနှင့်ယှဉ်သောဩတ္တပ္ပသံဝေဂစိတ်က သောရေယျ
တကိုယ်လုံးမှာ ဖျူးဖျူးဖျဉ်းဖျဉ်း ကြက်သီးမွေးညင်း ထနေရတာ
အရှင်မြတ်က "ထလော့ သောရေယျ သူဌေးသား၊ သင်၏အပြစ်ကို
ခွင့်လွှတ်သည်းခံ၏" ဟု မိန့်တော်မူလိုက်တယ်။

ဒုတိယ အကြိမ်

www.burmeseclassic.com

www.burmeseclassic.com



လူထွက်ချင်လာသော သာနုသာမဏေ၏ စိတ်သည် 'လုလင်တစ်ဦး' လူပျိုပေါက်တို့၏ ကြင်ရာသက်ထား မယားလိုချင်တဲ့စိတ်သာ ဖြစ်ပါလိမ့်မည်။

ရည်းစား (သနာ) တွေ့ရှိထားတာ မဟုတ်စေကာမူ ကြုံရာ ကြုံတောင်းတွေ့ရာနှင့်ပေါင်းမည်ဟု သောင်းကျန်းသော ရာဂစိတ်ခေတ် ဖြစ်လေသည်။ ထိုစိတ်များကြောင့် ဒုတိယဖြစ်သော အရတိတရားများပေါ်လာရသည်။

သင်္ကန်းဝတ်နှီး၊ ဖြစ်ကပြီးလည်း၊ ငြီးငြီးငွေ့ငွေ့၊ သူတော်
လေ့နိုက်၊ မမွေ့လျော်နိုင်၊ မှိုင်းတချိချိ၊ ပျင်းရိရိဖြင့်၊ အရတိ
မည်ရ၊ ဒုတိယံစစ်သည်၊ တက်လာတည်၏။

သာနုသာမဏေသည် ဥပုသ်နေ့တွင် တရားတွင်းကုပ်ကိုမသုတ်သင်နိုင်တော့။ တရားနာ ဖိတ်ခေါ်ခြင်းလည်း မကြွေးကြော်နိုင်တော့။ တရားလည်း မဟောချင်တော့။ သင်္ကန်းကို ခေါင်းမြီးခြုံကာ တအုံအုံ တအင်အင် တဟင်ဟင် တဟီးဟီး တညည်းညည်း တညူညူ တလူးလူး တလှိမ့်လှိမ့် အိပ်နေလေ၏။ မိမိကိုယ်ကို ရေမိုးသန့်စင်ခြင်း၊ ခေါင်းတုံးဆံရိတ်ခြင်း၊ လက်သည်းခြေသည်းတို့ကိုလှီးဖြတ်ခြင်း စသည်တို့ကိုလည်း မပြုနိုင်။ ဥပဇ္ဈာယ်ဆရာအား ဝတ်ကြီးဝတ်ငယ် ပြုခြင်းမှလည်းလစ်ဟင်း ပျက်ကွက်လာလေ၏။

"သည့်လိုအတိုင်းတော့ ငါနေလို့မဖြစ်ဘူး၊ 'ကာမဘောဂါ၊ လူ့ချမ်းသာလည်း၊ ကင်းကွာဝေးစွ၊ သမဏ၏၊ သုခလည်းရှုံး၊ ခေါင်းတုံးယာလျှင်၊ အဖတ်တင်လျက်၊ ရှင်ပင်ပြုထ၊ ကျိုးမလှတည့်'

ဆိုသလို အဖတ်မတင် မျောက်သစ်ကိုင်းလွတ် 'ဖွတ်မရခေါးမဆုံး' နှစ်ဘက်စလုံး ပန်းရှုံး နေရမယ့်အတူတူ ပြတ်ပြတ်သားသား လူထွက်ရသည်ကမှ ကောင်းလိမ့်မည်"ဟု ဆုံးဖြတ်ကာ သီတင်းသုံးဖော်တို့အား မပန်မကြား အသိမပေးဘဲ မိခင်ရှိရာရွာသို့ ထွက်လာခဲ့လေသည်။

မိခင်ကြီးသည်မခေါ်ပင့်ချေ ရောက်လာလေသော သားသာမဏေအားမြင်၍ အထိတ်တလန့် ဖြစ်သွားလေ၏။

"ဘယ်လိုလဲ ကိုရင်၊ ဆံပင်ကလဲ ရှည်လှသည်။ လက်သည်းခြေသည်းများကိုလဲ မလှီးမဖြတ်ဘူး၊ သင်္ကန်းကလဲ ညှိုးညှိုးနွမ်းနွမ်း၊ လူကလဲ ညှင်းစိုးစိုးနှင့် မကျန်းမမာလို့လား၊ သီတင်းသုံးဖော် တပါးပါးနှင့် စိတ် အခန့်မသင့် ဖြစ်လာတာများလား"

"နေကောင်းပါတယ်၊ သူများနှင့်စိတ်အခန့်မသင့်ဖြစ်လာတာလဲ မဟုတ်ပါဘူး၊ ကိုယ့်စိတ်နှင့်ကိုယ် အခန့်မသင့်ဖြစ်လို့ ထွက်လာခဲ့တာပဲ ဒကာမကြီး"

www.burmeseclassic.com

www.burmeseclassic.com



"သူကြွယ်၊ စေ့ဆော်မှုစေတနာကို နာဋ္ဌပုတ္တက မည်သည့်ဒဏ်ဟု ပညတ်ပါသနည်း"

"အရှင်ဘုရား၊ စေ့ဆော်မှု စေတနာကို နာဋ္ဌပုတ္တက မနောဒဏ်ဟု ပညတ်ပါသည်"

"သူကြွယ်၊ သင်သည် စဉ်းစား၍ပြောလော့၊ သင့်စကားသည် ရှေ့နောက် မညီညွတ်"

"အရှင်ဘုရား မည်သို့ပင် ဆိုစေကာမူ မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း စင်စစ်အားဖြင့်ကာယဒဏ်သည်သာ အပြစ်အကြီးဆုံးဖြစ်ပါ၏"

"သူကြွယ်၊ သင်မည်သို့ထင်သနည်း။ လူဦးရေများပြားသော ဤနာလန္ဒမြို့သို့ သန်လျက် စွဲကိုင်သော ယောက်ျားတယောက် ရောက်လာသည် ဆိုပါတော့၊ ထိုယောက်ျားက နာလန္ဒမြို့ရှိ သတ္တဝါ မှန်သမျှကို (တခဏချင်း) သတ်လိုသည်ဆိုပါတော့၊ ထိုယောက်ျားသည် သူ့အလို အတိုင်း(တခဏချင်း)ပြုလိုက်နိုင်ပါမည်လော"

"အရှင်ဘုရား၊ ယောက်ျား တယောက်တည်းကို မဆိုထားနှင့် လေးဆယ်ငါးဆယ်မျှသော ယောက်ျားတို့သည်ပင်(တခဏချင်း) ပြုလုပ်နိုင်မည် မဟုတ်ပါ"

"သူကြွယ်၊ တန်ခိုးကြွဒ္ဓိပါဒ်နှင့် ပြည့်စုံ၍ မိမိစိတ်ကို လိုသလို စေစားနိုင်သော ရဟန်းပုဏ္ဏားတပါးက ငါသည် တကြိမ် စိတ်ဆိုးရုံမျှဖြင့် 'ဤနာလန္ဒမြို့ တမြို့လုံးကို ပြာဖြစ်သွားအောင်ပြုအံ့'ဟု ကြံစည်သည် ဆိုပါတော့၊ ထိုတန်ခိုးရှင်သည် သူ ကြံစည်သည့်အတိုင်း ပြုလုပ်နိုင်ပါမည်လော"

"အရှင်ဘုရား၊ ထိုတန်ခိုးရှင်ကား ဤနာလန္ဒမြို့ကလေး တမြို့ကို မဆိုထားနှင့် အလားတူ မြို့လေးဆယ် ငါးဆယ်တို့ကိုပင် ပြာဖြစ်အောင် ပြုလုပ်နိုင်ပါလိမ့်မည်"

"သူကြွယ်၊ သင်သည် စဉ်းစား၍ပြောလော့၊ သင့်စကားသည် ရှေ့နောက် မညီညွတ်"

"အရှင်ဘုရား၊ မည်သို့ပင် ဆိုစေကာမူ မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ စင်စစ်အားဖြင့် ကာယဒဏ်သည်သာ အကြီးဆုံး ဖြစ်ပါသည်"

"သူကြွယ်၊ ဒဏ္ဍကီတောအုပ်၊ ကာလိင်္ဂတောအုပ်၊ မဇ္ဈတောအုပ်၊ မာတင် တောအုပ်တို့သည် တောအုပ်အတိ ဖြစ်ခဲ့ရပုံကို သင်ကြားဖူးပါ၏လော"

"အရှင်ဘုရား၊ တပည့်တော် ကြားဖူးပါသည်"



www.burmeseclassic.com

www.burmeseclassic.com



ထိ မိဖုရားက 'တိရစ္ဆာန် အရှင်လတ်လတ်ကို သတ်၍ မချက်ဝံ့ပါဘုရား' ပြန်ကြား၍ ကြက်အရှင်များကို ပြန်ပို့လိုက်သည်။

ထိုအခါ မာဂဏ္ဍီက ထိုကြက်အရှင်များကိုပင်....

''ရဟန်းဂေါတမ ဆွမ်းအလို့ငှာ ချက်ပြုတ်စေပါဦးဘုရား''ဟု ပြန်သည်။ဥတေနမင်းကလည်း(အရက်မှိုင်ဆဲဖြစ်၍)မာဂဏ္ဍီခိုင်းသည့် တိုင်း မိန့်ကြားပို့သစေရာ ထိုအခါမှာဘော့ မာဂဏ္ဍီက ကြက်အရှင် သးကောင်ကို ကြက်အသေ လေးကောင်နှင့် လဲ ခရီးအကြားမှာ လှယ်ပေးလိုက်လေသည်။

သာမာဝတီက ပွဲသုကူပစ္စည်းဖြစ်သော ကြက်အသေလေးကောင် တော့ လက်ခံထားလိုက်သည်။

''မောင်တော်ဘုရား၊ မောင်တော်မင်းမြတ် အရက်သေစာနှင့် တော်တည်ရအောင် စီမံပေးပါဟုဆိုသည့်အခါက သူတပါး အသက်ကို သတ်ဝံ့ကြောင်းနှင့် ဆင်ခြေပေးကာ ပြန်ပို့ပါသည်။ ယခု သူ၏ ရဟန်း ဂေါတမ အတွက်ကိုတော့ သူတပါး၏ အသက်ကိုသတ်၍ ချက်ရမှာ မလေးကြောင်း သိသာနေပါပြီ။ ထိုအချက်ဟာ တရက်ရက်တွင် မောင်တော်ဘုရားအားသတ်၍ ရဟန်းဂေါတမအား နန်းအပ်ကာ ဘုရင် ဖြစ် မြှောက်တင်နိုင်သော သဘောရှိသည် မဟုတ်ပါလား၊ စဉ်းစား တော်မူပါဘုရား' ဟု ကုန်းတိုက်ပြန်သည်။ မင်းကြီးက ဆိတ်ဆိတ်နေ လိုက်၏။

မာဂဏ္ဍီ၏အာဃာတသည် ကြံတိုင်းမဖြစ်သဖြင့် တိုး၍တိုး၍အငြိုး ကြီးလာခဲ့သည်။ ဤတခါတော့ 'မင်းကြီးကိုယ်တိုင် အသက်အန္တရာယ်နှင့် ခပ်ကြောင်း ယုံကြည်လာအောင် ပြယုဂ်တခုပြမှ တော်တော့မည်' ဟု ဉ်းစား၍ အကြံယူနေသည်၊ လူတို့မည်သည့် မိမိအသက်ကို သေကြောင်း ည်သည်ဟု ထင်သိုက်လျှင် သည်းခံခွင့်လွှတ်ခြင်းမရှိနိုင်ကြပေ။

မာဂဏ္ဍီက မြွေဟောက်တကောင်ကိုအစွယ်ချိုး၍ တိတ်တဆိတ် လာခဲ့ရန် ဘထွေးထံအမြန်မှာကြားလိုက်သည်။မာဂဏ္ဍီ၏ အာဃာတ ခွဲဝေမျှတူ ယူထားသော စူဠမာဂဏ္ဍီကလည်းသူ့ထူမ မှာထားသည့် တိုင်း ဆောင်ရွက်ပေးသည်။

ဘုရင်ဥတေနက စောင်းတီးရန် အလှန်ဝါသနာပါတော်မူသည်။ ရားသုံးပါး၏အဆောင်များတွင် ခုနစ်ရက်စီ လှည့်လည်ခံစားတော်မူ သည့်အခါ စောင်းကိုတပါတည်းယူဆောင်၍ တီးခတ်နေတတ်သည်။ ထို ချက်ကိုသိသောမာဂဏ္ဍီက သာမာဝတီမိဖုရားကြီးထံ အဆောင်တော် မည့် အခါတွင် စောင်းအိုးအတွင်းသို့ နှတ်ပေါက်မှ မြွေကိုထည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပန်းများနှင့် အပေါက်များကို ပိတ်ဆို့ထားလိုက်သည်။ ပြီးတော့ ဘု
မင်းတရားကြီးအား သနားစဖွယ်ကယုကယနှင့်လျှောက်ထားလိုက်သ

"မောင်ဘုရားအတွက် နှမတော် မကောင်းသော အိပ်မက်
မြင်မက်ပါသည်။ မိဖုရားကြီးအဆောင်၌ စံစားတော်မူသည့် အခါ
သတိကြီးစွာ ရှိတော်မူပါစေဘုရား" တဲ့။

အရက်ခိုးကလေးရီရီဝေဝေနှင့် မှုန်မပြေဖြစ်နေတဲ့ ဥတေနမင်
တော့ ညင်းညင်းကလေးသာ ရယ်ပြီး စောင်းတော်ပိုက်၍ အစီအ
အလိုက် အဆောင်တော်ကူးတော်မူသွားသည်။

နောက်တနေ့တွင် မာဂဏ္ဍီက သာမာဝတီ မိဖုရားအဆော
လိုက်သွားသည်။ မာဂဏ္ဍီပုဏ္ဏားမကလေးသည် ပျိုမျစ် နုနယ် အရွယ
လည်းငယ်သဖြင့် ဥတေနမင်းကြီးကိုယ်တိုင်က အလိုတော်လိုက်ထားေ
မူသောကြောင့် အဆောင်ဆောင် အနန်းနန်းကို ဖြတ်သန်း ဝင်ထွက်
ရရှိနေပါလိမ့်မည်။

ဥတေနမင်းက သာမာဝတီမိဖုရား ခစားလျက် စောင်းတော
တီးရန် ရင်ဝယ်ပိုက်၍ စောင်းညှို့များညှိ လိုက်သည့်အခါ စောင်းအို
မှာ အနေကြာ၍ ဒေါသဖြစ်နေသော မြွေဟောက်က စောင်း၏လိုင
ကို မခံမရပ်နိုင်ဖြစ်လာသောကြောင့် ပန်းများနှင့် ဆို့ပိတ် ထားေ
နတ်ပေါက်မှ အတင်းတိုးထွက်၍ ပါးပျဉ်းခွက်ခွက်ကြီး ထောင်လိုက
တော့သည်။ မင်းကြီးက မြွေနှင့်တကွ စောင်းကို အထိတ်တလန့် ပ
လိုက်သည်။

သာမာဝတီမိဖုရားက အံ့အားအသင့်ကြီးသင့်နေသည်။တိုး
ကိုနင်း၍မာဂဏ္ဍီမိဖုရားက ရင်တီးလက်ခတ် ထိတ်ထိတ်ပျာပျာ ငိုသ
ကလေးဖြင့် လျှောက်လိုက်သည်။

"မောင်တော်ဘုရား၊ သိပြီမဟုတ်လားဘုရား၊နှမတော်ရဲ့အိပ
ဒက်ကနဲမှန်နေသာ"ဤမျှသာမာဝဏ္ဍီကပြောဖို့လိုပါသည်၊ဘုရင်အ
သမားက အထင်မှာ.သွားလေသည်။ အဆင်ခြင်မဲ့စွာ ချက်ချင်းငင်အ
ထုတ်ပါလေတော့သည်။

"သာမာဝတီမိဖုရားကြီးနှင့်တကွ ခြွေရံငါးရာတို့ကိုပါ လေးေ
နှင့်ပစ်ခွင်း၍ ရန်စရှင်းတော်မူမည်" တဲ့။

ရတနာသုံးပါး၏ဂုဏ်ကို ယုံကြည်လေးမြတ် အသက်ပါ
သော သရဏဂုံတည်မြဲကြသူ သာမာဝတီနှင့်ခြွေရံငါးရာတို့က ေ
တော်များနှင့်ရင်ဆိုင်၍ ဥတေနမင်း၏ ဒေါသမာန်ကို သည်းခံ ကိုယ
အပြိုင်မေတ္တာပို့နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝဝဘဦးပေးရသည်မှာ အတိတ်က ဣတ္ထိယာမစ္ဆေရ အကျိုးပေးများကြောင့် ဖြစ်ရလေသည်။

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ထိုလောကတိဿ ရဟန္တာ၏ အတိတ်ဝတ္ထုကို ဟောပြတော်မူခြင်းဖြစ်သည်။

ငါးရာ့ငါးဆယ်ကောနိပါတ် လောသကဇာတ်၌ ဤသို့ပါရှိသည်။ အခါကား၊ ကဿပမြတ်စွာဘုရား ထင်ရှားပွင့်တော်မူစဉ် ဖြစ်သည်။

တခုသောရွာတရွာ၏ ငွေကြေးချမ်းသာ၍ ရ တ နာ သုံး ပါး ၏ ဂုဏ်ကို ယုံကြည်စွာ သဒ္ဓါရက်ရောလှူဒါန်းနေသော သူကြွယ်တဦးသည် ရဟန်းတပါးအား ကျောင်းဆောက်ကိုးကွယ်ထားလေသည်။ဆွမ်းသက်န်း တို့၌လည်း ပေ များပြည့်စုံလှသည်။ ဆရာနှင့် ဒကာမှာ အစစ အရာရာ အဆင်ပြေလျက်ရှိသည်။ ကျောင်းထိုင်ရဟန်းမှာလည်းသီလသိက္ခာပြည့်ဝ လှပါဘိသည်။ ဝိပဿနာဟာရား၌ အလွန်အားထုတ်တော်မူ၏။

တနေ့သော်ကဿပမြတ်စွာဘုရား၏ သာဝက ရဟန္တာတပါးသည် ထိုရွာသို့ကြွရောက်လာပြီးသော် ဒါယကာ၏အိမ်သို့ ဆွမ်းခံရပ်လေသည်။ ဒါယကာသူကြွယ်သည် ထိုရဟန္တာမထေရ်၏ သီလဂုဏ်၊ ပါသာဒိကဂုဏ် တို့ကိုကြည်ညိုသည်ဖြစ်၍ဆွမ်းလုပ်ကျွေးပြီးလျှင်မည်သည့်အရပ်၌ သီတင်း သုံးနေတော်မူပါသနည်းဟု လျှောက်ထားမေးမြန်းရာက အတည်တကျ သီတင်းသုံးရန် အရပ်နေရာမရှိသေးသည်ကို သိရသောအခါ မိမိလှူဒါန်း ထားသောကျောင်းသို့ ပင့်လျှောက်၍ မူလကျောင်းထိုင် ရဟန်းတော်နှင့် အတူတကွ သီတင်းသုံးစေသည်။

ရဟန္တာမထေရ်သည် ကျောင်းသို့ရောက်လျှင် ကျောင်းထိုင်ရဟန်း အား ဝပ်ချ ကန်တော့ပြီးသည့်နောက် တပါးတည်း လွတ်လပ်စွာ မဂ်ဖိုလ် ချမ်းသာဖြင့် နေတော်မူလေသည်။ ကျောင်းထိုင်ရဟန်းသည် အကျင့်သီလ ပြည့်စုံပါလျက်၊ ဝိပဿနာလက္ခဏာရေးသုံးပါးကို ပွားများ ဆင်ခြင်နေ သူဖြစ်ပါလျက် ဘိတ်တခိုး ဝင်လာသော ဣဿာမစ္ဆေရစိတ်ကို လက်ခံ တော်မူမိသေသည်။

'ယခုရဟန်းသည် ငါ၏ အာဝါသကို ငါနှင့်ညီတူညီမျှခိုလှုံလာသူ ဖြစ်သည်။ မိမိတဦးတည်းပိုင်က နှစ်ဦးပိုင်ဖြစ်လာပြီ၊ ဘယ်အချိန်ဘယ်ကာ လအထိ နေသွားဦးမည်မသိ'ဟုတွေးကာ ကြာရှည်စွာ နေသွားမည်ကို စိုးရိမ်ဝန်တိုလာသော အာဝါသမစ္ဆေရ။

'ငါ၏ ဒါယကာသည် ငါတဦးတည်းကိုသာ ဆွမ်း လုပ် ကျွေး မြှုစု လှူဒါန်းရာမှ ယခုသော် ငါနှင့်အညီအမျှ ဝေငှ လှူဒါန်း ကျွေးမွေး



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ လောသကတိဿမထေရ်သည် စတုမဓုကို ဝလင်အော ဘုဉ်းပေးတော်မူရရှာသည်။ သပိတ်တွင်းရှိ စတုမဓုသည် ကုန်ခန်းဖို့မ ထားနှင့်၊ လျော့ပါးသည်ပင်မရှိ၊ ပကတိပြည့်လျက်သားသာ ရှိနေသ

ဤကား အရှင်သာရိပုတ္တရာ မထေရ်ကြီး၏ စေတနာတေ မေတ္တာတော်, ကရုဏာတော်တို့၏ တန်ခိုးတည်း။

ညဦးယံလွန်မြောက်သော် လောသကတိဿ ရဟန္တာအရှင်သ ဒုက္ခခပ်သိမ်းမှ ငြိမ်းချမ်းစွာ ပရိနိဗ္ဗာန်ဝင်စံတော်မူသည်။

ဇေတဝန်ကျောင်းတော်ရှိ ရဟန်းများသည် လောသကတိ မထေရ်အကြောင်းကို ဆွေးနွေးနေကြသည်။

"အံ့ဖွယ်ဘနန်း ရှိလိုက်လေစွတကား၊ လောသကတိဿမထေ သည် ဘောဇဉ်သပ္ပာယမဖြစ်ဘဲလျက် ရဟန်းကိစ္စကို ပြီးမြောက်အော ဆောင်ရွက်ကျင့်ကြံ အားထုတ်သွားနိုင်ပါပေသည်"ဟု ရဟန်းတပါး မိန့်တော်မူသည်။ ရဟန်းအချို့ကမူ ဘောဇဉ်သပ္ပာယမဖြစ်ဘဲ ကြီးကျ နက်နဲသော လောကုတ္တရာတရားကို ပွားများ ဆောက်တည်နိုင်မ မဟုတ်။ ထို့ကြောင့် လောသကတိဿမထေရ်သည် အရဟတ္တဖို ပေါက် နိဗ္ဗာန်သို့ မျက်မှောက်ပြုသွားနိုင်ခြင်း မဖြစ်နိုင်ကောင်း ဆိုကြသည်။

ထိုအခါ မြတ်စွာဘုရားသခင်သည် ကြွလာတော်မူ၍ ရဟန်း အား ဆွေးနွေးနေသည့် အကြောင်းအရာကို မေးတော်မူပြီးနောက်

"ချစ်သားတို့၊ လောသကတိဿရဟန်းသည် ဘဝဟောင်းကဖြ သောက္ကလာဿမဇ္ဈေရ အကျိုးပေးကြောင့် လာဘ်လာဘ နည်းသည်၊ ဝ ပြည့်အောင် မစားခဲ့ရသည်မှာ မှန်သော်လည်း သူ၏ သီလအကျိုးပေ သူ၏ ဝိပဿနာဉာဏ် ထက်သန်သော အကျိုးပေးတို့ကြောင့် မဂ်ဖိုလ် ဆိုက်ရောက်ခဲ့ရသည်မှန်၏၊"ဟု မိန့်တော်မူ၍ အထက်တွင် ပြဆိုခဲ့သ အတိုင်း လောသကဇာတ်ကို ဟောတော်မူသည်။

ဦးမင်လာသည် ဣဿာမစ္ဆေရနှင့် ပတ်သက်၍ လောသကတိ ဇာတ်ကို သတိရလိုက်ပြီးနောက် ဤသို့ဆက်၍ တွေးနေမိသေးသည် မနာလိုသဝန်ကြောင်ခြင်းသည် ပေါ့ပေါ့နေ ပေါ့ပေါ့စား ကာမဂုဏ သမားများကို မဆိုထားနှင့် သီလနှင့်ပြည့်စုံသော ဝိပဿနာတရာ လက်ကိုင်ထားသည့် ယောဂီများကိုပင် ဝင်ရောက် နှောင့်ယှက်တ ကြောင်း စဉ်းစားမိသည်။

ဗုဒ္ဓကိုယ်တော်မြတ်၏ အဆုံးအမ၌ လူသားတို့အတွက် အခြေ အုတ်မြစ်တရား ငါးပါးရှိသည်။ အုတ်မြစ် အခြေ မခိုင်လျှင် မည်သည



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကျောင်းကိုယ့်ကံ၊ ကိုယ့်ဗိမာန်ဟု၊
အမှန်တစိ၊ ရလာယှ°က၊မိမိနေရာ၊
ဝန်တိုစွာသား၊ အာဝါသမစွဲရ။

ဒါယကာတပည့်၊ သူ့ထံလှည့်က၊
မကြည့်နိုင်လို၊ ဝန်တိုကုလမစွဲရ။

သံဃာသန္တက၊၊ ဂဏိကာဟု၊ ထိုမျှအပြား၊
ပစ္စည်းများကို၊ ဝေခြားမပြု၊ သိမ်းစုဝှက်ထား၊
သုံးစားကိုသာ၊ ဝန်တိုစွာဖြင့်၊ လာဘာမစွဲ၊ကံညစ်တေး။

ရုပ်ဝါရူပ၊ သီလကျေးဇူး၊ သူ့ဂုဏ်ထူးကို၊
မနှုးညွှတ်တတ်၊ ပရိယတ်ဖြင့်၊
ဘူတတ်သည်ကို၊ မနာလိုကြ၊ ဝဏ္ဏာမ်မှ မစွဲရ။

(မဃဒေဝလင်္ကာ)

* * *



www.burmeseclassic.com

www.burmeseclassic.com



သေး၊ ကိုယ်ပိုင်တဲ့ပစ္စည်း၊ ကိုယ့်မှာရှိတာလေးတွေ သူတပါးအား မပေ ချင်တာ, မလှူချင်တာ၊ တွန့်တိုတာတွေဟာလဲလောဘပဲပေါ့။ အဲဒီစိတ်မျိုး ဟာ သူများရမှာကို သဝန်ကြောင်တဲ့ မစ္ဆေရစိတ်နဲ့သံတူကြောင်းကွဲဖြစ်နေ တတ်တာတွေလဲရှိတယ်။သိသာအောင်ပြောရယင်ကာမဂုဏ်ဆိုင်ရာ လိုချင် တာသောဘ၊ မိမိပစ္စည်းဖြင့်စေ၊ အခြားပစ္စည်းဖြစ်စေ၊ ဂုဏ်ကိုဖြစ်စေ 'သူတပါးမရစေချင်တာ' မစ္ဆရိယ။ ဒါကြောင့်မို့လို့ သူများကို ပေးရက် လှူရက်,စွန့်ကြဲရက်တာတွေဟာ လောဘကို စာဂဆိုတဲ့စွန့်လွှတ်နိုင်တဲ့စိတ် မျိုးနဲ့တိုက်ယူရတာဖြစ်တယ်။စွန့်ကြဲတယ်ဆိုတဲ့စကားဟာ စွန့်လွှတ်နိုင်ခြင်း ဆိုတဲ့ အဓိပ္ပာယ်ကို သက်ရောက်နေပါတယ်။

လိုချင်တာမှန်သမျှ လောဘဆိုခဲ့ မယ့် စာပေကျမ်းဂန် ဗဟုသုတ တို့ကို ယောနိသော မနသိကာရ,ကောင်းမွန်သန့်ရှင်းသောစိတ်နဲ့' လိုချင် တာမျိုးကျတော့ အကုသိုလ်ဖြစ်တဲ့ လောဘမဟုတ်တော့ဘူး။ နိဗ္ဗာန်မဂ်ဖို တရားကို လိုချင်တာမျိုးကျတော့လဲ လောဘမဟုတ်တော့ဘူးတဲ့။ ဆန္ဒသာ ဖြစ်တယ်တဲ့။

လောဘ,ဒေါသ,မောဟဆိုတဲ့စေတသိက် သုံးမျိုးစလုံးဟာ ဘယ် ယုဉ်ဘက်စိတ်ကိုမှ ကောင်းကျိုးမပေးပါဘူး၊ ဘယ်အခါမှ, ဘယ်အချိန်မှ ကောင်းကျိုးမပေးပါဘူး၊ ဘယ်ပုဂ္ဂိုလ်ကိုမှလဲ ကောင်းကျိုးမပေးပါဘူး၊ နောက်ဆုံးပြောရယင် သူတော်ကောင်းကြီးတွေပဲဖြစ်ပါစေ၊ အဲသည်စိတ် မျိုးတွေကိုလက်ခံလိုက်ယင် လက်ခံတဲ့ခဏကစပြီး ကောင်းကျိုးမပေးတော့ ပါဘူး၊ မဖောက်မပြန်တဲ့ ပရမတ်တရားစစ်စစ်တွေလေ။

လောဘငယ်ယင် မကောင်းကျိုး ငယ်ငယ် ပေးသလို၊ လောဘ ကြီးယင် မကောင်းကျိုးကြီးကြီးပေးတတ်ပြီး၊ လောဘအလွန်အကျွံ ဖြစ် နေယင်တော့ မကောင်းကျိုး အလွန်အကျွံ ဖြစ်သွားတာပဲ။ လောဘ ရှင်းရှင်း(ဖြတ်)မှ မကောင်းကျိုးကင်းကင်း (ပြတ်) သွားပါလိမ့်မယ်တဲ့။ ဒါ့အတင် ဖွဲ့မီးများဟာအတွင်းမှာလိုက်လောင်နေသလို သူတပါးလဲမသိ၊ ကိုယ့်ကိုယ်ကိုပင် မသိနိုင်အောင် ဖုံးဖိထားတဲ့ဖွဲ့မီးလောဘတွေရှိတတ်သေး သတဲ့။ ဒါကို ပါဠိစကားနဲ့ ဆိုယင် လောဘကိလေသာမှာ–

ဝီတိက္ကမကိလေသာ=အလွန်အကျွံ ဖြစ်တဲ့ ကိလေသာစိတ်။

ပရိယုဋ္ဌာနကိလေသာ=ရှိုးရှိုးရှိစဉ်ရှိနေတဲ့ ကိလေသာစိတ်။

အနုသယ ကိလေသာ=မရှိတော့သယောင် ဖုံးကွယ်နေတဲ့ ကိလေသာစိတ်။

အဲသည်လိုခွဲခြား၍ ဘုရားကိုယ်တော်မြတ်က ဟောတော်မူထား ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မီးရထားက ဥသြမှုတ်ပြီး ဂျိမ့်ကနဲ စထွက်လိုက်သည်။ နေရာရှင် ပေါ်မလာသေး။မီးရထားက အချိန်နဲ့ပြေးနေသည်။နေရာရှင် ပေါ်မလာသေး။

'ဟုတ်ပြီ၊ ခုချိန်မှာတော့ နေရာရှင်ပေါ်မလာနိုင်တော့ဘူး၊ဘာခုခုသောအကြောင်းနဲ့ ရထားမမီလိုက်တာဖြစ်မယ်။ ဘယ်လိုပဲဖြစ်စေ သနားတော့ သနားပါရဲ့၊ ငါဒီနေရာကို အပိုင်စားရပြီ၊ အင်း...ငါဆောက်ခဲ့တဲ့ ရှစ်ပါးသီလ၊ ငါရှုမှတ်ဆင်ခြင်ခဲ့တဲ့ သမထဘာဝနာတို့ရဲ့ တန်ခိုးကြောင့် နတ်ကောင်းနတ်မြတ်များက ဖန်တီးမ,စားတာ ဖြစ်မှာပေါ့'ဟု နှစ်သိမ့်နေမိသည်။

ဒီလို စိတ်ချလက်ချရှိတော့မှ မိမိလက်တွင်ပတ်ထားသော ပုတီးကိုဖြုတ်၍ ဗုဒ္ဓါနုဿတိအလုပ်ကိုလုပ်ယင်း အနီးအနား ခရီးသွားဖော်များကိုစေ့စေ့စပ်စပ်ကြည့်လိုက်မိသည်။စီးပွားရေးသမားများက စီးပွားရေးအကြောင်း ပြောနေကြသည်။ မှောင်ခိုသမားများက ရှာဖွေရေးအရာရှိများအကြောင်းကို ပြောနေကြသည်။ ဝိုက်တဲ့လူများကလည်း မှေးငိုက်နေကြသည်။ သည်ကြားထဲတွင် မိုးရာလိုက်ပြေးလာသည်ဟု ထင်ရသော လုလင်ပျိုနှင့် လုံမယ်စုံတွဲကလည်း သောကဗျာပါဒများနှင့် ကျီးလန့်စာစား သတိထားနေကြပုံရသည်။

'ဩော်....လောဘသမားတွေ လောဘသမားတွေ၊ ဝတ္ထုကာမလောဘ, ကိလေသာကာမ လောဘ'

ဒေါ်သီလစာရီက ဂုဏ်ဒော်ပုတီးကိုစိပ်ယင်း သောဘာဘရားကိုဆင်ခြင်လိုက်မိသည်။ အဲသည့်နောက် ကိုယ်တိုင်သတိမထားမိသော သူ့လောဘတဏှာကို ဆက်၍ တွေးလိုက်မိသည်။

'ငါ့သမီးလေးချမ်းသာပါစေ၊ သူ့ယောကျ်ားကလဲ ဆင်းဆင်းရဲရဲမို့ဆေးဝါးခတ်စာမှ ပြည့်စုံအောင် ရှာဖွေ ပေးနိုင်ပါ့မလား၊ ငါ့မှာလဲ ခရီးစရိတ်ကလွဲလို့ ပိုပိုလျှံလျှံ ရှိတာမဟုတ်ဘူး၊ ဒုက္ခ ဒုက္ခ ဖြစ်ချင်တာမဖြစ်၊ မဖြစ်ချင်တာဖြစ်ရတဲ့ ဒုက္ခသစ္စာပါကလားနော်'

မကြာမီ စိတ်နှမ်းလူပန်းနှင့် ဒေါ်သီလစာရီမှာ မှေးကနဲအိပ်ပျော်သွားသည်။ ရထားကြီးက တဟည်းဟည်း ပြေးနေသည်။ ခရီးပန်းတိုင်မရောက်မချင်း တယောက်ဆင်းတယောက်တက် တဘူတာထွက်တဘူတာရင်လာခဲ့ရာမှာ ဘူတာတခုမှ အထွက်တွင် ရထားခေါင်းတွဲက ခပ်ကြမ်းကြမ်းကလေးဆောင့်ဆွဲလိုက်ခြင်းကြောင့် ဒေါ်သီလစာရီမှာ ကိုယ်အဟိုင်းယိုင်ထိုး၍ လန့်နိုးလိုက်ရသည်၊ သူ ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည်မှန်းမသိ။ အနားကလူကို ကြည့်လိုက်တော့ပြည်ဘူတာမှစီးလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည့် ခရီးသွားဖော်မဟုတ်၊ လူစိမ်းဘယောက်ဖြစ်နေသည်။ အခြားခရီးသည်များကလည်း ဆင်းသူကဆင်းသွားကြ၍ အသစ်တက်လာသူများက တက်လာကြတန်တူသည်။

"ဘယ်များရောက်လာပလဲမသိဘူး" ဟု ဒေါ်သီလစာရီက အနားကလူကို မြောမေးမေးလိုက်သည်။

"ဇီးကုန်းဘူတာက ထွက်ခဲ့ပြီလေ၊ ရှာဖွေရေးတွေ တက်လာတုန်းက ဆရာကြီးသေတ္တာကိုတောင် မေးနေသေးတာ ဆရာကြီးက အိပ်ပျော်နေတော့ အားနာလို့နဲ့ တူပါရဲ့၊ ကိစ္စမရှိပါဘူးလေဆိုပြီး ထွက်သွားကြတယ်"

ဒေါ်သီလစာရီ၏ရင်ထဲတွင် 'ဒိုင်း' ကနဲ လာဆောင့်တော့သည်။

'ငါ့သေတ္တာဆိုပါကလား၊ ငါ့ဟာလဲမဟုတ်ပဲနဲ့၊ ငါ့ဟာမဟုတ်ယင်ဘယ်သူ့ဟာလဲ၊ ဒီတွဲမှာ ဒီသေတ္တာပိုင်ရှင် ပါမလာတာကတော့ သေချာတယ်၊ ပိုင်ရှင်မရှိတဲ့ဟာဆိုယင် ပိုသကူပေါ့၊ လူတွေအားလုံးက ငါ့ဟာလို့ထင်ယင် ချော်အလဲမှာ ရောထိုင်လိုက်ယင်ပြီးရော၊ နေဦးနေဦး ပိုင်ရှင်က သဒ္ဓါဒေယျနဲ့ပေးလှူတာမဟုတ်တဲ့ ပစ္စည်းကို 'ညာတာပါတေး' နဲ့လက်ခံလိုက်တာဟာ အဒိန္နာဒါနာပေါ့၊ သီလစာရီရယ်၊ ငါရှစ်ပါးသီလကျက်တော့မလို့ မဖြစ်ဘူး.... မဖြစ်ဘူး၊ နောက်တခါ မေးလာတဲ့သူကို ငါ့ပစ္စည်း မဟုတ်တဲ့အကြောင်း ပြောပြလိုက်တော့မယ်'

ဒေါ်သီလစာရီက မတော်မရားထွက်လာသည့် လောဘကို အရဟံဂုဏ်တော်နှင့် ပုတီးစိပ်၍ ကြိတ်ချေနေလေသည်။ အရဟံဂုဏ်တော်ဆိုသည်မှာ ဆိတ်ကွယ်ရာ အရပ်မှာ မကောင်းမှုကို ပြုတော်မူခြင်းမရှိသည့် ဗုဒ္ဓဂုဏ်တော်ကြီးမဟုတ်လား။

ဒေါ်သီလစာရီက မျက်စိမှိတ်၍ ပုတီးစိပ်နေတဲ့ အတွင်းမှာပင် ဆေးရုံ သံခုတင်လေးပေါ်၌ ကြုံလှီဖျော့တော့အားလျော့ နွမ်းနယ်နေသည့် သမီးကလေး၏မျက်နှာက အထင်းသားပေါ်လာပြန်သည်။

'အားရှိစေသော အစာ အာဟာရတို့မှ ချို့တဲ့၍ ဈေးကြီးလှစွာ ကားဆေး ထိုးဆေးတို့နှင့်မှ အကုအသမခံရမည့် သမီးငယ်ကလေး၏အဖြစ်မှာ အသက်ဇီဝနှင့် ကြာကြာခံနိုင်ရှာပါ့မလား။

'ငါ့အောက်က သေတ္တာမှာ ငွေကြေးများများစားစား မပါချင်လား။ အဝတ်အစား ကောင်းကောင်းမွန်မွန် အဖိုးတန်တာကလေးတွေတော့ ပါလာမှာသေချာတယ်၊ ယောက်ျားဝတ်ဖြစ်ဖြစ်၊ မိန်းမဝတ်ဖြစ်ဖြစ်၊ ခုခေတ်မှာ ဈေးတွေက ခေါင်ခိုက်နေကြတာ၊ အဟောင်းထည်အဖြစ်နဲ့ပဲ ရောင်းဦးတော့ ကောင်းကောင်းပိုက်ဆံရမှာ သေချာသလောက်ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



အမှုအရာရှိသည်ဆိုပါက ကျွန်ုပ်အား လျှင်လျှားစွာ အကြောင်းကြားကြပါကုန်။ အကယ်၍ စောင်းသံနှင့် သီချင်းသံကို နှစ်သက်သတ်ခံသည် ဆိုပါက အတွင်းဘော်သို့ ရောက်အောင် နားတော်လျှောက်၍ ကူညီစောင့်ရှောက်ပေးကြပါ''ဟု မှာကြားထားသည်။

မင်းချင်းများက တုရင်မင်းဘုရား၏ လျှို့ဝှက်သောအမိန့်ဩဇာနှင့် လာရောက် စေ့စပ်သော ဂီတပါလီအား ပိမိတို့ဘက်မှ ဆောင်ရွက်ဖွယ်တို့ကို တာဝန်ကျေပွန်စွာ အမှုတော်ထမ်းပါမည့်အကြောင်း ကောင်းစွာ လက်ခံလိုက်ကြလေသည်။

နောက်တနေ့တွင် ဂီတပါလီသည် မင်းမှုထမ်း လူပျိုတော်သားယောကျ်ားလေးကဲ့သို့ လှပသန့်စင်စွာဝတ်ဆင်ပြီး အဆောင်တော်တံခါးအပြင်ဘက်မှ စောင်းတော်ကို ကျင်လည်စွာတီးခတ်၍ သာယာသောအသံဖြင့် တေးသီကျူးလေသည်။ မင်းသားသည် အဆင်းရူပါရုံကို မမြင်ရသေးဘဲ သဒ္ဒါရုံကို နှစ်လိုလက်ခံလိုက်လေသည်။

''တယ်ကောင်းတဲ့ စောင်းသံပါကလား။ သီချင်းသံကလဲ လိုက်လျောညီထွေ ရှိပါပေတယ်။ မည်သူများလာ၍ တီးနေပါသနည်း''ဟု အမေးတော်ရှိလေသည်။ ဗောင်းတော်ညိတ်လျှင် စိတ်တော်ကိုသိကြသော အကင်းပါးသည့် မင်းချင်းများက....

''မှန်လှပါ၊ ဘုန်းတော်ကြောင့် နတ်စောင်းသံနှင့်တူစွာ တီးခတ်နိုင်စွမ်းသော တက္ကသိုလ်ပြည်မှ ဂီတပညာရှင် လုလင်ပျိုတဦး ဖြစ်ပါသည်ဘုရား။ ထိုလုလင်ပျိုသည် အရှင့်သားတော်ရှေ့မှောက်သို့ ဝင်ရောက်ခစား အသုံးတော်ခံရပါမည့်အကြောင်း စောင်းသံနှင့် တောင်းပန်နေခြင်း ဖြစ်ပါသည်၊ အရှင့်သားတော်နှစ်သိုတော် မူသည်ဖြစ်လျှင် အရှင့်ရှေ့မှောက် ဝင်ရောက်ခစားခွင့် ပေးသနားရန်ပါဘုရား''ဟု ရေလာမြောင်းပေး သွေးထိုးစကား လျှောက်ထားကြလေရာ ဥဒေါင်းမင်းသည် ဒေါင်းမလေး၏အသံကို သာယာသကဲ့သို့ ဂီတပါလီ၏ သဒ္ဒါရုံကို တပ်မက်နေပြီဖြစ်သော အိမ်ရှေ့မင်းက....

''ခစားစေ မင်းချင်းများ''ဟု လိုက်လျောကြည်ဖြူစွာ အမိန့်တော် ရှိလိုက်သည်။

ဤသို့နှင့် ဂီတပါလီသည် မင်းသား၏ အဆောင်တော်တွင်းသို့ ချင်းနင်း ဝင်ရောက်နိုင်ခဲ့လေသည်။ အဆောင်တော်တွင်းသို့ ရောက်လာသောအခါ ဂီတပါလီသည် အလိုတော်လိုက် အကြိုက်ကို ခစားတတ်သဖြင့်မျက်နှာသာရ၍ တနေ့ထက်တနေ့ တရွေ့ရွေ့ တိုး လာပြီး မင်းသားအပါးရောက်အောင် နေရာယူပေသည်။ မင်းသားသည်လည်း

www.burmeseclassic.com



ကိုင်မိလိုက်ရာမှ ထောပတ်ထဲ လက်နှစ်လိုက်ရသလို ထူးထူးခြားခြား အေးမြသော ပီတိချမ်းသာကို ခံစားလိုက်ရသည်။

ဦးခင်လာက ကားဆိုက်၍ ကုန်းတော်ပေါ်သို့ တက်သွားသည်။ ဘုရားကိုတစိမ့်စိမ့်ကြည်ညိုပြီး ဗုဒ္ဓါနုဿတိ ဘာဝနာကိုပွားသည်။ ညနေစောင်း၍ နေအေးမှ စိတ်အေးလူအေး အိမ်ကို ပြန်လာခဲ့သည်။ ဒါကို ဦးမင်လာက သတ္တုချကြည့်လိုက်သည်။ အကုသိုလ်မှ ကုသိုလ်ဖြစ်ရခြင်း။

တက်ကြွထောင်လွှားသော မာနစိတ်သည် အကုသိုလ် ဖြစ်စေ၏။ လူအများ၏ မုန်းတီးခြင်း၊ စက်ဆုပ်ခြင်းကို ခံရတတ်၏။ အကျိုးမဲ့ ဖြစ်စေ၏။ အရင်းခံဖြစ်သော ကိလေသာစိတ်ကို ပဲ့ပြင်လိုက်နိုင်သော ခဏဝယ် အိမ်မှ စိတ်ဆိုး၍ ထွက်လာသော ဦးမင်လာကိုယ်တိုင် ဘုရားပေါ်ရောက်သွားရသလို၊ မြတ်စွာဘုရား လက်ထက်တော်က လင်မယားချင်း မာနပြိုင်ကြရာမှ တခုသော ဥပနိဿယအကြောင်းကြောင့် ရဟန္တာထေရာ ထေရီများ ဖြစ်သွားကြပုံကို ဦးမင်လာက မှတ်မှတ်ရရ တွေးလိုက်မိသည်။

ရာဇဂြိုဟ်ပြည်တွင် ဥဂ္ဂသေနသူဌေးသားဟူ၍ ရှိသည်။ ဥဂ္ဂသေနသည် လောကီလောကုတ္တရာ စီးပွားတို့၌ အာရုံမရှိပဲ အပျော်အပါး ပွဲလမ်းသဘင်တို့ကိုသာ ခံ့မင်လိုက်စားနေသူ ဖြစ်သည်။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ ကျက်ပြန့်သောနန်းရင်ပြင်တွင် အကျော်ဇေယျသဘင်အဖွဲ့များက မကြာမကြာ လာရောက်ကပြအသုံးတော်ခံလေ့ရှိကြသည်။ နန်းတွင်းသူ နန်းတွင်းသားနှင့်တကွမြို့နေ လူကုံထံများက သောင်းသောင်း ဖြဖြ လာ၍ ကြည့်ကြသည်။ ဆုလာဘ်တို့ကို ပေးကြသည်။ ဥဂ္ဂသေနနှင့် သူ၏အပေါင်းအသင်းများက အများဆုံး ဆုလာဘ်ပေးကြသည်။

တနေ့သော် ထူးခြားသော သဘင်အဖွဲ့တဖွဲ့ ရောက်လာ ကပြသည်။ ထိုအဖွဲ့မှာ မြေဝိုင်းသဘင်မြေတွင် ကသောအဖွဲ့မဟုတ်၊ အတောင်နှစ်ဆယ်မျှမြင့်သော ဝါးလုံး (ဝါးစင်)ပေါ်တွင်တက်၍ ကသည့် (ဘားကျွမ်း)သဘင်ဖြစ်သည်။ ကချေသည်ကလည်း အလွန်တရာနုနယ်လှပသော မိန်းမပျိုလေးဖြစ်သည်။ ရုပ်ဆင်းလက္ခဏာ ကြန်အင်္ဂါနှင့် ပြည့်စုံသည်။ သာယာသောအသံဖြင့် သီချင်း သီဆိုသည်။ မအောက်ကတီးပေးသည့် တူရိယာသံနှင့် လိုက်ဖက်အောင် အမြင့်အဖျား၌ ကိုယ်လက်လှုပ်ရှားကပြနေပုံမှာသည်းထိတ်ရင်ဖို ဖြစ်ရသည်။ ဝါးတန်းပေါ်တွင်စကြိုလေးတက်၍ ကပြသည့်အခါ "ဟာ....ဟင်....အို....အမလေး...."စသည်ဖြင့် ရင်သပ်ရှုမော



www.burmeseclassic.com

www.burmeseclassic.com



အံ့သြကြရသည်။ ဂန္ဓမာဒနတောင်ယံမှ ဝဲပျံ၍ ဆင်းလာသော ကိန္နရီမ ကလေးပေလားဟု ထင်ကြရသည်။

သူဌေးသား ဥဂ္ဂသေနသည် ထိုကချေသည် မိန်းမပျို (နဋ္ဌကုမာရီ) အားမြင်လျှင်မြင်ချင်း စွဲလမ်းသွားလေသည်။

လူအပေါင်းက ကောင်းချီးပေးကြသည်မှာ ရင်ပြင် တခုလုံး သိမ့်သိမ့်တုန်သွားသည်။ ချီးမြှင့်ကြသော ဆုလာဘ်တွေမှာလည်း လှည်း ပေါင်းများစွာနှင့် တိုက်ယူရသော ဟူ၏။

ဥဂ္ဂသေနသည် အိမ်သို့ပြန်သွားပြီးလျှင် မိဘများအားနဋ္ဌကုမာရီ ကို တောင်းရမ်းပေးပါရန် ပူဆာတော့သည်။

"မဖြစ်နိုင်တာ သားရယ်၊ တို့နဲ့ မျိုးရိုးချင်းလဲ မတူဘူး၊ ဂုဏ် သရေ အဆင့်အတန်းချင်းလဲ မမျှဘူး၊ ငါ့သား အိမ်ထောင်ပြုချင်လျှင် ရာဇဂြိုဟ်ပြည်ထဲက ဂုဏ်တူတန်းတူ သူဌေးတဦးဦးရဲ့သမီးကိုတောင်းရမ်း စေ့စပ်ပြီး ကြီးကျယ်စွာ လက်ထပ်ပေးပါမယ်"ဟု ပြောကြသော်လည်း ဥဂ္ဂသေနက "နဋ္ဌကုမာရီမှ မရလျှင် သေရပါတော့မည်"ဟု ဇွတ်ပြောနေ သည်။

> "ဣတ္ထိရူပ၊ သဒ္ဒစသား၊ ဂန္ဓရသာ၊ ဖောဋ္ဌဗ္ဗာဟု၊ ငါးဖြာ အပုံ၊ ဤအာရုံကား၊ မြေးထုံမောဟ၊ဤလောကန္တ၊ ရာဂမကင်း၊ ကိုယ်တွင်းမဆိတ်၊ ယောကျ်ားစိတ်ကို၊ မပိတ်ဆို့နိုင်၊ ယိမ်းယိုင် ကိုယ်လုံး၊ ကျုံး၍ပစ်သို့၊ပြစ်ပြစ်ကုန်စင်၊ မွေ့မမြင်အောင်၊ဆင်ခြင် ဉာဏ်ကင်း၊ မကြွင်းစေကြောင်း၊ စိတ်ကောင်းဟူသမျှ၊ပြုန်းပြုန်း ကျ၏။"

ဆိုသကဲ့သို့ သူဌေးသား ဥဂ္ဂသေနသည် ထမင်းမစား၊ဟင်းမစားဘဲ အိပ်ရာ ထဲတွင် လဲနေလေတော့သည်။

မိဘတို့မည်သည်ကား သားဆိုး သမီးဆိုးပင် ဖြစ်ကြစေဦးတော့၊ ထိုသားသမီးတို့၏ ဆင်းရဲခြင်းကို မရှုရက် မမြင်သာသဖြင့် အလိုလိုက်မြဲ၊ လက်လျှော့မြဲ၊ အရှုံးပေးကြမြဲ ဖြစ်သည်။ဥဂ္ဂသေန၏ ဖခင်သည် သား၏ အပေါင်းအသင်း သူငယ်ချင်းများကိုခေါ်၍ တထောင်သော ဥစ္စာတို့ကို ပေးကာ....

"အမောင်တို့၊ အမောင်တို့၏ သူငယ်ချင်းအား ဆုံးမတားမြစ် သော်လည်း ကချေသည်မှမရလျှင် သေတော့မလောက် ဒုက္ခရောက်နေရပြီ၊ နဋ္ဌကုမာရီ၏ဖခင် သဘင်ဆရာကြီးထံသွား၍ ဤအသပြာတထောင်ကို 'အတွင်းဥစ္စာ'တင်၍ သူ့သမီးအား တောင်းရမ်းပေးကြပါလော့"ဟု ခေအာင်သွယ်တမန် လွှတ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အသေးအမွှားဖြစ်သော လောကီကိစ္စ၊ လောကီအတတ် ပညာတို့ကိုမဆိုထားနှင့် လောကုတ္တရာပညာတို့၌ပင်လျှင် သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဟူသော ဗိုလ်ငါးပါးတို့တွင် ဝီရိယသည် တပါးအပါအဝင်ဖြစ်၏။ ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ်ဟူသော ဣဒ္ဓိပါဒ် လေးပါးတို့တွင်လည်း စိတ်နှင့်တကွသော ဆန္ဒ၊ ဝီရိယဣဒ္ဓိပါဒ်(တန်ခိုး)တို့က အကျိုးဖြစ်အောင် ဦးစီးခေါင်းဆောင်ကြလေသည်။

တနေ့သောအခါ ရာဇဂြိုဟ်မြို့တွင်းသို့ မောင်းသတင်း ကြေငြာချက်တရပ် လှည့်ပတ် ကြွေးကြော်လာတော့သည်။

"ယနေ့မှ ခုနစ်ရက်လွန်သော် နန်းတော်ရင်ပြင် ကွင်းကျယ်ကြီး၌ သူဌေးသား ဥဂ္ဂသေန၏ ကျွမ်းပွဲသဘင် ဆင်ယင်ပေလိမ့်မည်" ဆို၏။

"ဥဂ္ဂသေနသည် အတောင်ခြောက်ဆယ် မြင့်သော ဝါးပိုးဝါးထိပ်၌ ရှေ့ကျွမ်း၊ နောက်ကျွမ်း၊ ကြောင်လိမ်ကျွမ်း၊ ကောင်းကင်ထက်ဝယ် ခုနစ်ပတ် ကျွမ်းကစား၍ ကပြမည်" ဆို၏။

ထိုအခါ လူထုက....

"ဘယ်နှယ်လဲ၊ နဋ္ဌကုမာရီ ကမချသည်က အတောင်နှစ်ဆယ်သာမြင့်တဲ့ ဝါးစင်မှာ ကပြသွားတယ်။ အခု ဥဂ္ဂသေနကတော့ နဋ္ဌကုမာရီထက် သုံးဆမြင့်တဲ့ ဝါးလုံးထိပ်ပေါ်မှာ ကပြမယ်ဆိုပါကလား"

"ကောင်းကင်မှာ ခုနစ်ပတ်လည်အောင် 'လေကျွမ်း' ထိုးပြမယ်ဆိုပါကလား"

"သည်လောက်မြင့်တဲ့ နေရာမှာ သည်လောက် စွန့်စားပြမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်တဲ့အကြောင်း ရှိတယ်လေဗျာ၊ သူ့မယား နဋ္ဌကုမာရီရဲ့ ပညာမာန်ကိုချိုးရအောင် ကြိုးကြိုးစားစား သက်စွန့်ဆံဖျား လေ့ကျင့်ထားတာ ဖြစ်မှာပေါ့၊ တကယ်တော့ မိန်းမသားရဲ့ အစွမ်းထက် ယောကျ်ားရဲ့အစွမ်းက သာရမှာ မမှုဘာပဲ" ဟု ဥဂ္ဂသေန၏ သတင်းက တမြို့လုံးတွင် 'ဥက္ကောဋ္ဌေယျ' ဟိုးဟိုး ကျော်သွားလေတော့သည်။

လှည်းနေလှေအောင်း မြင်းဇောင်းမကျန် စိတ်အား ထက်သန်နေကြသည်။ နန်းရင်ပြင် ကွင်းအပြည့် ပတ်ပတ်လည် ညောင်စောင်း အဆင့်ဆင့် သူ့ထက်ငါ နေရာယူထားကြသည်။ နန်းတွင်းတွင်လည်း ဥဂ္ဂသေနအကြောင်း၊ ရုံးပြင်ကနားတွင်လည်း ဥဂ္ဂသေနအကြောင်း၊ အရပ်ထဲတွင်လည်း ဥဂ္ဂသေနအကြောင်း၊ ဈေးတွင်လည်း ဥဂ္ဂသေနအကြောင်း၊ သတင်းကုပ်တွင်လည်း ဥဂ္ဂသေနအကြောင်း ပြောနေကြသည်။

---

ဒုတိယ အကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားလှည်းကုန်သည် ငါးရာတို့သည် ထိုနေ့တွင် ခရီးစဉ် ရပ်ဆိုင်း၍ ဥဂ္ဂသေန၏သဘင်ကို ကြည့်ဖြစ်အောင် ကြည့်ရှုကြရန် ပြင်ဆင်နေကြသည်။ တသက်တွင် တခါသာ မြင်ရမည့် ပွဲကြီး ပွဲကောင်းပေတကားဟု ယူဆထားကြသည်။

ဥဂ္ဂသေန၏ ဘားကျွမ်းအတတ်ကို ပြသမည့်နေ့၌ မြတ်စွာဘုရားရှင်သည် မိုးသောက်အားကြီး ထင်းခါနီးအချိန်ဝယ် သတ္တလောကကို ကြည့်ရှုတော်မူလတ်သော် ကိုယ်တော်မြတ်၏ သဗ္ဗညုတ ရွှေဉာဏ်တော်ကွန်ရက်၌ ဥဂ္ဂသေန သူဌေးက ငါးနှယ်ပုံတွင် ဝင်လာသည်ကို မြင်တော်မူလိုက်သည်။

ထိုအခါ မြတ်စွာဘုရားသည် ဘယ်သို့ဘယ်ပုံ ဖြစ်လာလိမ့်မည်နည်းဟု ဆင်ခြင်တော်မူလိုက်ပြန်ရာ....

"ယခုနံနက် မိုးသောက်တွင် ဥဂ္ဂသေနသူဌေးသား ကျွန်းသမားကချေသည်ကိုကြည့်ရှုကြရန်လူအပေါင်းစုဝေးကြလတ္တံ့။ ထိုအခါ ဥဂ္ဂသေနသည် ဘားကျွမ်းအတတ်ကို ပြအံ့ဟူ၍ အတောင်ခြောက်ဆယ်မြင့်သော ဝါးပိုးလုံးထိပ်၌ ရပ်တည်လတ္တံ့။ သို့အစုအဝေး၌ငါဘုရားသည် လေးပါဒ (လေးပိုဒ်) ရှိသော တရားဂါထာကို ဟောကြား၍ ရှစ်သောင်းလေးထောင်သော ဝေနေယျတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလတ္တံ့။ ဥဂ္ဂသေနသည်လည်း အရဟတ္တဖိုလ်၌ တည်ပေလတ္တံ့"ဟု ပိုင်းခြားထင်ထင် သိမြင်တော်မူသည်။

ထိုနေ့နံနက်ဝယ် မြတ်စွာဘုရားရှင်သည် ဆွမ်းခံဝင်ရန် သင့်လျော်သောအချိန်ကို မှတ်သားတော်မူ၍ ရဟန်းအပေါင်းခြံရံလျက် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလေသည်။ ထိုအချိန်၌ ဥဂ္ဂသေနသည်လည်း အုန်းအုန်းကျွက်ကျွက်ရှိနေသော လူထုကြီးအားအချက်ပြ၍ ဝါးပိုးလုံးထိပ်သို့ တက်သွားပြီးလျှင် အားမာန်အပြည့်သွင်းကာ ကောင်းကင်၌ ခုနစ်ပတ်ကျွမ်းထိုး၍ ဝါးလုံးထိပ်မှာ လှပစွာ ပြန်ကျလာသည်။ လူထုကြီးက ပဲ့တင်ဟည်းမျှ ချီးမွမ်းသောအသံဖြင့် တခဲနက်ကြွေးကြော်ကြသည်။

"ယိုပြကွက်ကား ပွဲဦးထွက်အစ နိဒါန်းသာ ရှိပါသေးသည်။ ထို့ထက်ထို့ထက် အံ့ဖွယ်ဘနန်း ထူးဆန်းရင်ဖိုစရာ တပြပါဦးမည်"ဟု ဥဂ္ဂသေနက ဝါးလုံးထိပ်မှာ ကြေညာလိုက်ပြန်ပါသေးသည်။

ထိုအခိုက် မြတ်စွာဘုရားရှင်သည် ဥဂ္ဂသေန၏ ကျွမ်းသဘင်အနားသို့ရောက်တော်မူလာကာ "ဗရိတ်များ ငါးဘုရားကိုသာ ရှုမြင်ဖူးမြော်စေသတည်း"ဟု တန်ခိုးအစီအရင်ကို ဖန်ဆင်းတော်မူလိုက်သည်။

---

ဒုတိယ အကြိမ်

www.burmeseclassic.com

